# Minimum Standards Checklist for Durable Solutions in Kachin

## ကချင်ပြည်နယ်အတွင်း ရေရှည်တည်တံ့သောဖြေရှင်းချက်များအတွက်လိုအပ်သော အနိမ့်ဆုံး စံချိန်စံညွှန်း ဆောင်ရွက်ရန်အချက်များ

Based on international standards for durable solutions for Internally Displaced Persons (IDPs), the following checklist has been produced by the Protection Working Group in Kachin to guide organizations and authorities that wish to support IDPs in achieving durable solutions. This document intends to complement the Guidance Note on Standards and Principles of Durable Solutions in Kachin and Northern Shan, developed and endorsed by the HCT in August 2014.

IDP များအတွက် ရေရှည်တည်တံ့သည့် ဖြေရှင်းချက်များရရှိစေရန် ကူညီပေးသော အဖွဲ့အစည်းများ နှင့် အာဏာပိုင်များအား လမ်းညွှန်မှုပေးရန်အောက်ပါဆောင်ရွက်ရန်အချက်များကို (Checklist) ကချင်ပြည်နယ်ရှိ ကာကွယ်စောင့်ရှောက်ရေးအလုပ်အမှုဆောင်အဖွဲ့ မှ ရေရှည်တည်တံ့သောဖြေရှင်းချက်ဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများကို အခြေခံ၍ ပြုစုထားပါသည်။ ဤ ဆောင်ရွက်ရန်အချက်များသည် HCTမှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် အတည်ပြုထောက်ခံချက်ပေးထားသော ကချင်ပြည်နယ် နှင့် ရှမ်းပြည်မြောက်ပိုင်း အတွက် ရေရှည်တည်တံ့သောဖြေရှင်းချက်များကို ရှာဖွေရန်လိုအပ်သော စံချိန်စံညွှန်းများဆိုင်ရာလမ်းညွှန်မှုအား ကူညီဖြည့်စွက်ရန်ဖြစ်သည်။

### 1. Voluntariness and informed consent
### မိမိ၏ဆန္ဒအလျောက်ဖြစ်ခြင်း နှင့် ကောင်းစွာသိရှိပြီးမှ ချမှတ်သော ဆုံးဖြတ်ချက်

- ✓ Provide IDPs with information on their right to seek a durable solution to their displacement, explaining the three types of durable solutions (the right to return, locally integrate or resettle elsewhere in Myanmar) and that their choice should be made without intimidation, restriction or penalty;
- ✓ IDP များအား နေရပ်စွန့်ခွာရွှေ့ပြောင်းရစဉ် ရေရှည်တည်တံ့သောဖြေရှင်းချက်များရှာဖွေရာ၌ ၄င်းတို့၏အခွင့်အရေးများဖြစ်သည့် ဌာနေသို့ပြန်နိုင်ခွင့်၊ ဒေသတွင်းပေါင်းစည်းဝင်ဆံ့နိုင်ခွင့် (သို့) မြန်မာပြည်တွင်းအခြားတစ်နေရာတွင် အခြေချနေထိုင်နိုင်ခွင့်ဆိုင်ရာ သတင်းအချက်အလက်များကို ပေးရမည်။ ၄င်းတို့၏ ရွေးချယ်မှုများပြုလုပ်ရာတွင် ခြိမ်းခြောက်ခြင်း၊ ကန့်သတ်ချုပ်ချယ်ခြင်း (သို့) အပြစ်ပေးခြင်း အလျင်းမရှိစေရ။

- ✓ When it is known that IDPs wish to take up a durable solution, gather information on their intentions and plans and verify the voluntariness of their choice (that they are not being forced, intimidated or manipulated);
- ✓ IDP များ ရေရှည်တည်တံ့သောဖြေရှင်းချက်တစ်ခုရွေးရန် ဆန္ဒရှိသည်ကိုသိရှိပါက ၄င်းတို့၏ ရည်ရွယ်ချက်များ၊ အစီအစဉ်များနှင့်စပ်လျဉ်း၍ သိရှိနိုင်ရန် သတင်းအချက်အလက်များ စုစည်းရန် နှင့် ၄င်းတို့၏ ရွေးချယ်မှုသည် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းအလျင်းမရှိဘဲ မိမိ၏ဆန္ဒအလျောက် ရွေးချယ်ဆုံးဖြတ်ခြင်း ဟုတ်၊ မဟုတ် ဆန်းစစ်ရန်။

- ✓ Actors offering IDPs options of integration or return or resettlement must clearly explain how IDPs can access the option and must not be discriminatory to an individual or group based on ethnicity/vulnerability or any other factor. The criteria for who is offered the solution should be agreed by the IDPs;
- ✓ IDP များ၏ ရွေးချယ်ပိုင်ခွင့်များဖြစ်သော ဝင်ဆံ့ပေါင်းစည်းခြင်း (သို့) ဌာနေသို့ပြန်ခြင်း (သို့) ပြန်လည်နေရာချထားခြင်း စသည်တို့ကို ကမ်းလှမ်းသည့် အဖွဲ့အစည်းများ အနေဖြင့် ထိုရွေးချယ်မှုများအား မည်ကဲ့သို့ရယူနိုင်မည်ကို

သေချာစွာရှင်းလင်းပြရန်။ လူပုဂ္ဂိုလ်တစ်ဦး (သို့) လူအုပ်စုတစ်စုပေါ် လူမျိုးစု (သို့) ထိရှလွယ်မှုအနေအထားများ (သို့) အခြားသောအချက်များကိုအခြေခံ၍ ခွဲခြားဆက်ဆံခြင်း မရှိစေရ။ ဖြေရှင်းချက်အား မည်သူ့အား ကမ်းလှမ်းမည်ကို ဆုံးဖြတ်မည့်မှုအား IDP များမှသဘောတူရမည်။

- ✓ Assess, in advance, the concerns of communities in the areas where IDPs have identified they would like to go and ensure the views of the communities receiving IDPs are listened to, and feedback to IDPs, so they can inform any decision to move;
- ✓ IDP များရွှေ့ပြောင်းလိုသော နေရာကို သတ်မှတ်ဖော်ထုတ်ပြီးပါက၊ ထိုနေရာဒေသရှိ လူထု၏ စိုးရိမ်ပူပန်မှုများကို ကြိုတင်ဆန်းစစ်ထားရန် နှင့် IDP များကိုလက်ခံမည့် လူထု၏အမြင်များကိုလည်း ထည့်သွင်းစဉ်းစားကာ ထိုလူထု၏ သဘောထားများအား IDP များကို ပြန်လည်သိရှိစေရန်။ ဤနည်းဖြင့် ကောင်းစွာသိရှိပြီးမှ ဆုံးဖြတ်ကာ ပြောင်းရွှေ့နိုင်မည်။

- ✓ Conduct Joint *come and see* visits with representative IDPs, including women and people with special needs, to assess the conditions in areas of return, reintegration and resettlement. Ensure receiving village leaders participate in the visit. Report any tensions or issues raised by host communities back to IDPs;
- ✓ IDP ကိုယ်စားလှယ်များ (အမျိုးသမီးများ နှင့် အထူးလိုအပ်ချက်ရှိသောပုဂ္ဂိုလ်များ အပါအဝင်) နှင့်အတူ ဌာနေပြန်မည့်နေရာ၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းမည့်နေရာ နှင့် ပြန်လည်နေရာချထားမည့် နေရာများရှိ အခြေအနေများအား အကဲဖြတ်နိုင်ရန် ပူးတွဲသွားရောက်ကြည့်ရှုမှုများကို ပြုလုပ်ရန်။ ပူးတွဲသွားရောက်ကြည့်ရှုမည့် အစီအစဉ်တွင် အိမ်ရှင်ရွာလူကြီးများ ပါဝင်စေရမည်။ အိမ်ရှင်လူထု မှ တင်ပြလာသော တင်းမာမှုများ နှင့် ပြဿနာများကို IDP များအား ပြောပြရန်။

- ✓ Obtain authorization for the return, integration or resettlement of IDPs from the relevant authorities (government/KIO);
- ✓ ဌာနေပြန်မည့် (သို့) ဝင်ဆံ့ပေါင်းစည်းမည့် (သို့) ပြန်လည်နေရာချထားမည့် IDP များအတွက် သက်ဆိုင်ရာ အာဏာပိုင်များ (အစိုးရ/ KIO)ထံမှ ခွင့်ပြုချက်အား ရယူထားရန်။

- ✓ Explain clearly to IDPs the different actors (government, NSAs, church, CSOs, UN) and their role in providing assistance;
- ✓ IDP များအား မတူညီသောအဖွဲ့အစည်းများ (အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း) ၏ အကြောင်း နှင့် ၄င်းတို့၏ ကူညီထောက်ပံ့ခြင်းဆိုင်ရာ အခန်းကဏ္ဍကို သေချာစွာ ရှင်းပြရန်။

- ✓ Provide IDPs, including women, children and older people, with adequate information on conditions and infrastructure in their places of origin, integration, or resettlement. Include information on safety, freedom of movement, health, education, housing, land and property, food security and livelihoods and the general political and human rights situation. Ensure information is delivered in a language and method that IDPs can understand (consider literacy, age and special needs).
- ✓ IDP (အမျိုးသမီးများ၊ ကလေးသူငယ်များ နှင့် သက်ကြီးရွယ်အိုများ အပါအဝင်) များအား ၄င်းတို့၏ မူရင်းနေရာများ၊ ဝင်ဆံ့ပေါင်းစည်းမည့် နေရာများ (သို့) ပြန်လည်နေရာချထားမည့် နေရာများရှိ အခြေအနေ၊ အခြေခံအဆောက်အအုံများ နှင့်စပ်လျဉ်း၍ လုံလောက်သော သတင်းအချက်အလက်ပေးရမည်။ ဘေးကင်းလုံခြုံမှု၊ လွပ်လပ်စွာသွားလာလှုပ်ရှားခွင့်၊ ကျန်းမာရေး၊ ပညာရေး၊ နေအိမ်၊ မြေယာ ပိုင်ဆိုင်မှုများ၊ အစားအစာဖူလုံမှု၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်း၊ ယေဘုယျ နိုင်ငံရေး နှင့် လူ့အခွင့်အရေး အခြေအနေများဆိုင်ရာ သတင်းအချက်အလက်များကိုလည်းပါဝင်ရမည်။

ထိုသတင်းအချက်အလက်များကို ပေးရာတွင် IDP များနားလည်နိုင်သော ဘာသာစကား နှင့် နည်းလမ်းများဖြင့်ပေးရမည်။ (ပညာတတ်မှု၊ အသက်အရွယ် နှင့် အထူးလိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။)

## 3.2 Physical Safety
## ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှု

- ✓ Information on landmines and other security concerns is provided prior to the move and, where appropriate, plan and conduct Mine Risk Education sessions;
- ✓ မရွှေ့ပြောင်းမီ မြေမြှုပ်မိုင်း နှင့် အခြားသောလုံခြုံရေးဆိုင်ရာ စိုးရိမ်ရသည့် သတင်းအချက်အလက်များကို ပေးရန်။ အခြေအနေပေးပါက မိုင်းအန္တရာယ်အသိပညာပေးသင်တန်းများကို ပြင်ဆင်ရန် နှင့် ပြုလုပ်ရန်။

- ✓ Checkpoints operated by armed actors are located far from the area and are known by IDPs;
- ✓ လက်နက်ကိုင်များ၏ စစ်ဆေးရေးဂိတ်များသည် IDP များ နေထိုင်သောနေရာ နှင့် ဝေးသော နေရာတွင်ရှိစေရန် နှင့် ၄င်းနေရာများကို IDP များ သိရှိပြီးဖြစ်စေရန်။

- ✓ Travel to location is safe and ensures family unity;
- ✓ အရပ်ဒေသများသို့ ခရီးသွားလာရာတွင် ဘေးကင်းလုံခြုံမှုရှိစေရန် နှင့် မိသားစုပေါင်းစည်းမှုရှိစေရန် သေချာစေခြင်း။

- ✓ Freedom of movement is guaranteed; authorities, civil society organizations and humanitarian agencies can freely access the proposed area prior to, during and after movement, for purpose of assistance/monitoring;
- ✓ လွပ်လပ်စွာသွားလာလှုပ်ရှားခွင့်အား အာမခံချက်ရှိစေရန် - အာဏာပိုင်များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ နှင့် လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာအဖွဲ့အစည်းများမှ ရွှေ့ပြောင်းမှုများ မစတင်မီ၊ ရွှေ့ပြောင်းနေစဉ် နှင့် ရွှေ့ပြောင်းပြီးနောက်ပိုင်းတွင် အကူအညီအထောက်အပံ့များပေးနိုင်ရန် နှင့် စောင့်ကြည့်လေ့လာခြင်းများပြုလုပ်နိုင်ရန် အဆိုပြုထားသောနေရာသို့ လွပ်လပ်စွာ သွားလာနိုင်ခြင်း။

- ✓ Police (government or other) are accessible for IDPs, and/or measures are in place to strengthen community based dispute resolution systems, where government systems are not available;
- ✓ IDP များသည် ပြည်သူ့ရဲ (အစိုးရ (သို့) အခြား) ထံသို့သွားရောက် အကူအညီရယူနိုင်ခြင်း (သို့) အစိုးရစနစ် မရှိသောနေရာဒေသတွင် လူထုအခြေပြု အငြင်းပွားမှုများကိုကိုင်တွယ်ဖြေရှင်းသည့်စနစ်များ ပိုမိုအားကောင်းလာစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

- ✓ Reconciliation/conflict management/social cohesion initiatives are supported, where they exist.
- ✓ ပြန်လည်သင့်မြတ်ရေး၊ အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရေး၊ လူမှုရေးဆိုင်ရာသဟဇာတဖြစ်ရေး လုပ်ဆောင်မှုများကို ကူညီ ပံ့ပိုးပေးခြင်း (ရှိပြီးဖြစ်ပါက)။

### 3.3 Material Safety and Basic Services

### ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လုံခြုံမှု နှင့် အခြေခံဝန်ဆောင်မှုများ

- ✓ Planning for any durable solution ensures the participation of IDPs, ideally prior the move;
- ✓ ရေရှည်တည်တံ့သောဖြေရှင်းချက်များ ရှာဖွေရန်အတွက် အစီအစဉ်ရေးဆွဲရာတွင် IDP များ ပူးပေါင်းပါဝင်မှု ရှိစေရန် လုပ်ဆောင်ခြင်း (ရွှေ့ပြောင်းခြင်း မစတင်မှီ)။
- ✓ Livelihoods mapping or market survey is undertaken prior to the move;
- ✓ မရွှေ့ပြောင်းမှီ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခြေအနေများကို ပုံဖော်ခြင်း (သို့) ဈေးကွက်ဆန်းစစ်လေ့ လာခြင်းကို ပြုလုပ်ရန်။
- ✓ Assistance (food, shelter, education, health) continues to be delivered alongside development/oriented project in the first phase to support the transition from camp to durable solution;
- ✓ စခန်း မှ ရေရှည်တည်တံ့သောအခြေအနေသို့ ရောက်ရှိရန် ကူးပြောင်းကာလအတွင်း ပံ့ပိုးနိုင်ရန် ပထမ အဆင့်တွင် အကူအညီအထောက်အပံ (အစားအစာ၊ နေအိမ်၊ ပညာရေး၊ ကျန်းမာရေး) များကို ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် တွဲဖက်၍ ဆက်လက်ပံ့ပိုးပေးခြင်း။

- ✓ Adequate educational/health and WASH facilities are at a reasonable distance from the locations of return, integration or resettlement;
- ✓ လုံလောက်သော ပညာရေး၊ ကျန်းမာရေး နှင့် ရေနှင့်သန့်ရှင်းရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများသည် ဌာနေပြန်သော နေရာ၊ ဝင်ဆံ့ပေါင်းစည်းသောနေရာ (သို့) ပြန်လည်နေရာချထားသော နေရာများ နှင့် သင့်လျော်သောအကွာအဝေးတွင်ရှိခြင်း။

- ✓ IDPs are not excluded from any assistance (humanitarian or development) until they have fully recovered from displacement and are able to self-sustain as any other citizen of Myanmar.
- ✓ အခြားသော မြန်မာနိုင်ငံသားများနည်းတူ မိမိကိုယ်ကို ပြန်လည်ထူထောင်၍ ရေရှည်ရပ်တည်နိုင်သည်အထိ IDP များအား မည်သည့် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ (သို့) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီအထောက်အပံ့များတို့မှ ဖယ်ထုတ်ထားခြင်းမရှိစေရန်။

### 3.4 Legal Safety

### ဥပဒေကြောင်းအရ လုံခြုံမှု

- ✓ Legal aid is available, free of charge for IDPs prior and during the pursuit of a durable solution;
  - ✓ ရေရှည်တည်တံ့သော ဖြေရှင်းချက်များ ရရှိရန် မလုပ်ဆောင်မှီ နှင့် လုပ်ဆောင်နေစဉ်အတွင်း ဥပဒေပိုင်း ဆိုင်ရာ အကူအညီများအား IDP များမှ အခမဲ့ရရှိခြင်း။

- ✓ IDPs have access to civil documentation for all household members prior or after the move;
  - ✓ မရွှေ့ပြောင်းမှီ (သို့) ပြောင်းရွှေ့ပြီးနောက် IDP များသည် အိမ်ထောင်စုထဲရှိ အိမ်သူအိမ်သားများ အားလုံးအတွက် နိုင်ငံသား သက်သေခံအထောက်အထားဆိုင်ရာစာရွက်စာတမ်းများရရှိခြင်း။

- ✓ IDPs receive information about the land status prior the move as well as receive documentation of land certification, citing property ownership or the temporary use status (can be legal or customary documentation);
- ✓ IDP များသည် မရွှေ့ပြောင်းမီ မြေယာနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ နှင့် မြေယာပိုင်ဆိုင်မှု (သို့) ယာယီသုံးစွဲပိုင်ခွင့်ဆိုင်ရာစာရွက်စာတမ်းများကို ရရှိခြင်း။ (တရားဥပဒေကြောင်းအရ (သို့) ဓလေ့ထုံးတမ်းအရ အသိအမှတ်ပြုသော စာရွက်စာတမ်းများ ဖြစ်နိုင်သည်)

- ✓ Prior to moving the authorities (ie the Ministry/department that has jurisdiction of that type of land) provide written confirmation that any allocated land can be used for local integration/ settlement purposes. Consultations are held with communities in those areas to ensure that no other person has a legitimate claim to the land.
- ✓ အာဏာပိုင်များ (ထိုမြေအမျိုးအစားနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်ရှိသော ဝန်ကြီးဌာန/ဦးစီးဌာန) မှ ခွဲဝေသတ်မှတ်ထားသော မြေနေရာသည် ဒေသတွင်း ဝင်ဆံ့ပေါင်းစည်းခြင်း နှင့် အခြေချနေထိုင်ရန် အတွက် အသုံးပြုနိုင်သည်ကို မရွှေ့ပြောင်းမီ စာဖြင့်ရေးသားဖော်ပြအတည်ပြုပေးခြင်း။ မည်သည့် ပုဂ္ဂိုလ်မှ ထိုချမှတ်ထားသောမြေကို တရားဝင်ပြန်လည်တောင်းဆိုခြင်းမရှိစေရန် ထိုပတ်ဝန်းကျင်ရှိ လူထုများနှင့်လည်း တွေ့ဆုံဆွေးနွေးရန်။

- ✓ Prior to the move, IDPs receive clear information about their rights regarding repossessed land, allocated land and housing and these rights will be documented in accordance with the tenure system in use in the area
- ✓ IDP များအား မရွှေ့ပြောင်းမီ ၄င်းတို့၏အခွင့်အရေးဖြစ်သော သိမ်းဆည်းခံမြေယာ၊ ခွဲဝေသတ်မှတ်ထားသောမြေယာ နှင့် အိုးအိမ်များဆိုင်ရာ သတင်းအချက်အလက်များကို ရှင်းရှင်းလင်းလင်း ရရှိစေပြီး ထိုအခွင့်အရေးများကို ထိုနယ်မြေဒေသတွင်ရှိသော မြေယာရပိုင်ခွင့်စနစ်အရ မှတ်တမ်းတင် ထားရမည်။

- ✓ In case of allocated land and housing, IDPs are informed of their right to restitution of land and housing they left behind when they were displaced and how to exercise it
- ✓ အကယ်၍ ခွဲဝေသတ်မှတ်ထားသော အိုးအိမ်နှင့်မြေယာ အခြေအနေဖြစ်ပါက IDP များ ရွှေ့ပြောင်း နေထိုင်ရခြင်းကြောင့် ချန်ရစ်ခဲ့ရသော အိုးအိမ်နှင့်မြေယာများအား ၄င်းတို့၏အခွင့်အရေးအဖြစ် ပြန်လည်ရရှိပိုင်ခွင့် နှင့် ထိုအခွင့်အရေးကို မည်သို့ကျင့်သုံးရမည်ကို အသိပေးခြင်း။

- ✓ Family tracing and reunification is undertaken and best interest determination of unaccompanied or separated children is completed;
- ✓ မိသားစုလိုက်လံရှာဖွေခြင်း နှင့် ပြန်လည်ပေါင်းစည်းခြင်းအား လုပ်ဆောင်ရန် နှင့် အဖော်မဲ့ကလေးငယ်များ (သို့) မိဘနှင့် ကင်းကွာနေသော ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးအတွက်လုပ်ဆောင်ပေးခြင်း။

Protection Sector Kachin, June 2016